Australian Government
Services Australia

BURMESE

# ကျောင်းသားများအတွက် ထောက်ပံ့ကြေးများ

Services Australia အနေဖြင့် ရခွင့်ရှိသော ကျောင်းသားများအတွက် ငွေကြေး အကူအညီများ ပေးပါသည်။ အဆိုပါထောက်ပံ့ကြေးများတွင် Youth Allowance နှင့် Austudy တို့ ပါဝင်ပါသည်။

## အသက် 24 နှစ် သို့မဟုတ် ထို့ထက် ငယ်ရွယ်သူများအတွက် ထောက်ပံ့ကြေး

Youth Allowance ဆိုသည်မှာ အသက် 16 မှ 24 နှစ်အရွယ် လူငယ်လူရွယ်များအတွက် ထောက်ပံ့ကြေးတစ်မျိုးဖြစ်ပြီး အချိန်ပြည့် ပညာသင်ယူနေသူ သို့မဟုတ် အချိန်ပြည့် သြစတြေးလျနိုင်ငံ အလုပ်သင်အဖြစ် လုပ်ကိုင်နေသူများကို ဆိုလိုပါသည်။ အများစုအနေဖြင့် ၎င်းတို့ Youth Allowance ကိုမလျှောက်မီ အထက်တန်းကျောင်း ပြီးဆုံးသည်အထိ သို့မဟုတ် အသက် 18 နှစ် ပြည့်သည်အထိ စောင့်ဆိုင်းရန် လိုအပ်ပါသည်။ ကျောင်းသူ/သားများအနေဖြင့် အသက် 18 နှစ် မပြည့်သေးမီ ၎င်းတို့ မိဘများအနေဖြင့်
Family Tax Benefit ကို ရကောင်း ရနိုင်သည်။

## အသက် 25 နှစ် သို့မဟုတ် အထက်အရွယ်များ အတွက် ထောက်ပံ့ကြေး

Austudy ထောက်ပံ့ကြေးဆိုသည်မှာ အချိန်ပြည့် ပညာသင်ယူနေသည့် သို့မဟုတ် အချိန်ပြည့် သြစတြေးလျအလုပ်သင်အဖြစ် ဆောင်ရွက်နေသည့် အသက် 25 နှစ် သို့မဟုတ် အထက်အရွယ်များ အတွက် ထောက်ပံ့ကြေး ဖြစ်သည်။

## အခြားထောက်ပံ့ကြေးများ ရယူနေသည့်သူများ အတွက် ဖြည့်စွက်ပေးသည့် ထောက်ပံ့ကြေး

Pensioner Education Supplement ဆိုသည်မှာ ပညာသင် ကုန်ကျစရိတ်ကို အကူအညီပေးရန် ပေးသည့်ထောက်ပံ့ကြေးတစ်မျိုးဖြစ်သည်။ ၎င်းသည် အောက်ဖော်ပြပါ ဌာန/အဖွဲ့အစည်း တစ်ခုခုမှ ထောက်ပံ့ကြေးတစ်မျိုး ရရှိနေသော ကျောင်းသားများအတွက် ဖြစ်ပါသည်-

- Services Australia
- Department of Veterans' Affairs.

## အချို့ကျောင်းသားများအတွက် ချေးငွေ

Student Start-up Loan ဆိုသည်မှာ Youth Allowance သို့မဟုတ် Austudy ရရှိသည့် အချိန်ပြည့် ပညာသင်ယူနေသော ကျောင်းသူ/သားအချို့အတွက် မိမိသဘောအလျှောက် ချေးယူရသည့် ငွေချေးဖြစ်သည်။ ချေးငွေကို အလိုအလျှောက် မပေးပါ။ ကျောင်းသူ/သားများအနေဖြင့် ယင်းချေးငွေအား လျှောက်ထားရန် လိုပါသည်။ ကျောင်းသူ/သားများအနေဖြင့် ဝင်ငွေ ပမာဏ အချို့ စတင်ရရှိချိန်တွင် ချေးငွေအား ပြန်လည်ဆပ်ရမည်။

## နေရာပြောင်းရွှေ့ခြင်းအတွက် ထောက်ပံ့ကြေး

Youth Allowance ရရှိနေသူ အချို့ ကျောင်းသူ/သားများသည်လည်း Relocation Scholarship ကို ရရှိနိုင်သည်။ ဤပေးငွေကို တစ်နှစ်လျှင် တစ်ကြိမ်သာ ပေးပါသည်။ ၎င်းကို ပညာသင်ယူရန်အတွက် မိမိတို့၏မိသားစုနှင့် အဝေးတွင် နေထိုင်ရန်လိုအပ်သည့် ကျောင်းသူ/သားများအတွက် ရရှိနိုင်သည်။

# ပညာသင်ယူရန်အတွက် ရွှေ့ပြောင်းနေထိုင်ရသည့် နယ်စွန်နေ ကျောင်းသူ/သားများအတွက် ထောက်ပံ့ကြေး

Tertiary Access Payment ဆိုသည်မှာ တစ်ကြိမ်တစ်ခါတည်းပေးသည့် ထောက်ပံ့ကြေး တစ်မျိုး ဖြစ်ပါသည်။ ၎င်း ထောက်ပံ့ကြေးသည် ဩစတြေးလျနိုင်ငံ နယ်စွန်ဒေသ သို့မဟုတ် ဝေးလံခေါင်းပါးဒေသမှ အချို့ကျောင်းသူ/သားများအတွက်ဖြစ်သည်။ ၎င်းသည် အထက်တန်းကျောင်းပြီးဆုံးပြီးနောက် သင်ယူရသည့် ပညာသင်ယူစရိတ်ကို သက်သာစေရန် အထောက်အကူဖြစ်ပါသည်။

## အလုပ်အကိုင် ရှာဖွေသူများနှင့် အခြားသူများ အတွက် ထောက်ပံ့ကြေး

Education Entry Payment ကို တစ်နှစ်လျှင် တစ်ကြိမ်သာ ပေးပါသည်။ ပညာသင်ယူခြင်း သို့မဟုတ် သင်တန်း တက်ရောက်ခြင်း ကုန်ကျစရိတ်များအတွက် သက်သာစေရန် အထောက်အကူပြုသည်။ JobSeeker Payment အပါအဝင် Services Australia မှ ထောက်ပံ့ကြေးအချို့ ရရှိနေသူများသည် အဆိုပါ ထောက်ပံ့ကြေးကို ရကောင်း ရနိုင်သည်။

## အခြားအကူအညီ

Youth Allowance, Austudy သို့မဟုတ် Pensioner Education Supplement ရရှိနေသည့် ကျောင်းသူ/ကျောင်းသားများသည်လည်း အခြားအကူအညီများ ရယူကောင်း ရယူနိုင်သည်။ ဥပမာအနေဖြင့်–

### ခရီးသွားကုန်ကျစရိတ်အတွက် အကူအညီ ဖြစ်ပါသည်

Fares Allowance သည် ပညာသင်ယူရန် အိမ်နှင့် အဝေးတွင် နေထိုင်ရန်လိုအပ်သည့် ကျောင်းသူ/ သားအချို့အတွက် ခရီးစရိတ်များကို သက်သာစေရန် အထောက်အကူပြုသည်။

### လျှော့စျေးပေးခြင်းများနှင့် ခွင့်ပြုပံ့ပိုးငွေများ

ကျောင်းသူ/သားများအနေဖြင့် Health Care Card သို့မဟုတ် Rent Assistance ကဲ့သို့သော အခြားခံစားခွင့်များကိုလည်း ရကောင်း ရနိုင်သည်။

## ပိုမိုသိရှိရန်

- Youth and Students (လူငယ်နှင့် ကျောင်းသူကျောင်းသားများ) ၊ လိုင်းအမှတ်**132 490** သို့ ဖုန်းခေါ်ပါ။ သင် စကားပြန်တစ်ဦးလိုလျှင် ကျွန်ုပ်တို့ကို အသိပေးပါ၊ ကျွန်ုပ်တို့ စကားပြန်တစ်ဦးကို အခမဲ့ စီစဉ်ပေးပါမည်။
- အင်္ဂလိပ်ဘာသာစကားဖြင့် အချက်အလက်များ ပိုမိုရရှိလိုလျှင် **servicesaustralia.gov.au/education** သို့ ဝင်ရောက်ပါ။
- သင့်ဘာသာစကားဖြင့် အချက်အလက်များ ကြည့်ရှုရန်၊ နားထောင်ရန် သို့မဟုတ် ဖတ်ရှုရန် **servicesaustralia.gov.au/yourlanguage** သို့ ဝင်ရောက်ပါ။
- Centrelink ထောက်ပံ့ကြေးများနှင့် ဝန်ဆောင်မှုများအကြောင်း သင့် ဘာသာစကားဖြင့် ကျွန်ုပ်တို့နှင့်ပြောဆိုရန် ဖုန်း **131 202** ကိုဆက်ပါ။
- Medicare အတွက်၊ ဖုန်း **132 011** နှင့် Child Support အတွက် ဖုန်း **131 272** ကို ဆက်ပါ။ သင် စကားပြန်တစ်ဦးလိုလျှင် ကျွန်ုပ်တို့ကို အသိပေးပါ၊ ကျွန်ုပ်တို့ စကားပြန်တစ်ဦးကို အခမဲ့ စီစဉ်ပေးပါမည်။
- ဝန်ဆောင်ဌာန တစ်ခုသို့ သွားရောက်ပါ။

မှတ်ချက်– သင့်အိမ်ဖုန်းမှ ဩစတြေးလျနိုင်ငံ မည်သည့်နေရာမှမဆို **‘13’** နံပါတ်များသို့ ဖုန်းခေါ်ဆိုမှုများသည် ပုံသေ ဖုန်းခေါ်နှုန်းဖြင့် ကျသင့်ပါသည်။ အဆိုပါ ဖုန်းခေါ်နှုန်းမှာ မြို့တွင်းဖုန်းခေါ်နှုန်းနှင့် ကွဲပြားနိုင်သည်၊ တယ်လီဖုန်း ကုမ္ပဏီအချင်းချင်းအကြားတွင်လည်း ကွဲပြားနိုင်သည်။ သင့်အိမ်ဖုန်းမှ **‘1800’** နံပါတ်များသို့ ဖုန်းခေါ်ဆိုမှုများမှာ အခမဲ့ဖြစ်သည်။ အများပြည်သူဖုန်းနှင့် မိုဘိုင်းဖုန်းများမှ ဖုန်းခေါ်ဆိုမှုများကို အချိန်တိုင်းတာထားပြီး ပိုမိုကြီးမြင့်သော နှုန်းဖြင့် ကျသင့်နိုင်သည်။

## တာဝန်မယူ ငြင်းဆိုချက်

ဤစာစောင်တွင် ပါဝင်သော အချက်အလက် များ သည် ထောက်ပံ့ကြေးများနှင့် ဝန်ဆောင်မှုများ အတွက် လမ်းညွှန်တစ်ခု အဖြစ်သာ ရည်ရွယ်ပါသည်။ ထောက်ပံ့ကြေးအတွက် လျှောက်ထား လိုမလို နှင့် သင်၏ သီးခြား အခြေအနေများအပေါ် မူတည်၍ လျှောက်လွှာတင်သွင်း လိုမလို ဆုံးဖြတ်ရန် သင့်တာဝန်သာဖြစ်သည်။

Australian Government
Services Australia

ENGLISH

# Payments for students

Services Australia provides financial help to eligible students. These payments include Youth Allowance and Austudy.

## Payment for people aged 24 or younger

Youth Allowance is a payment for people 16 to 24 years of age who are studying full time or doing a full-time Australian Apprenticeship. Most people need to wait until they finish secondary school or turn 18 years of age before they can apply for Youth Allowance. Before students turn 18 years of age, their parents may get Family Tax Benefit.

## Payment for people aged 25 or older

Austudy is a payment for people 25 years of age or over who are studying full time or doing a full-time Australian Apprenticeship.

## Supplement for people getting other payments

The Pensioner Education Supplement is a payment to help with the costs of study. It is for students who get a payment from either:

- Services Australia
- Department of Veterans' Affairs.

## Loan for some students

The Student Start-up Loan is a voluntary loan for some full-time students who get Youth Allowance or Austudy. The loan is not paid automatically. Students need to apply for it. Students need to pay the loan back once they start earning a certain amount of income.

## Payment for relocating

Some students getting Youth Allowance can also get the Relocation Scholarship. This is paid once a year. It is available to students who need to live away from their family home to study.

## Payment for regional students who move for study

The Tertiary Access Payment is a one off payment. It is for some students from regional or remote areas of Australia. It helps with the cost of moving to study after secondary school.

## Payment for job seekers and other people

The Education Entry Payment is paid once a year. It helps with the costs of doing study or training. People who get some payments from Services Australia, including JobSeeker Payment, may get it.

## Other help

Students who get Youth Allowance, Austudy or the Pensioner Education Supplement may also be able to get other help. For example:

### Help with the costs of travel

Fares Allowance helps with the costs of travel for some students who need to live away from home to study.

### Concessions and allowances

Students may also be able to get other benefits such as a Health Care Card or Rent Assistance.

## For more information

- Call the Youth and Students (Youth and Students) line on **132 490**. Let us know if you need an interpreter, and we will arrange one for free.
- Go to **servicesaustralia.gov.au/education** for more information in English.
- Go to **servicesaustralia.gov.au/yourlanguage** where you can read, listen to or watch information in your language.
- Call **131 202** to speak with us in your language about Centrelink payments and services.
- Call **132 011** for Medicare and **131 272** for Child Support. Let us know if you need an interpreter, and we will arrange one for free.
- Visit a service centre.

Note: calls from your home phone to ‘13’ numbers from anywhere in Australia are charged at a fixed rate. That rate may vary from the price of a local call and may also vary between telephone service providers. Calls to ‘1800’ numbers from your home phone are free. Calls from public and mobile phones may be timed and charged at a higher rate.

## Disclaimer

The information contained in this publication is intended only as a guide to payments and services. It’s your responsibility to decide if you wish to apply for a payment and to make an application with regard to your particular circumstances.